# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၇၂)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက်**

**(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၆ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၂)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံး သုမင်္ဂလာအပေါင်းနှင့်ပြည့်စုံတော်မူကြပါစေခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၁၈ ဦးရှိတဲ့အနက် ၃၆၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၈၈.၂၈ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

### အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

### ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၂)ရက်မြောက်နေ့မှာ အစည်းအဝေးမတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူများရဲ့ အမည်စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ဒေါက်တာစိုးရင်မှ တင်ပြပန်ကြားသွားမှာဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးမောင်ပါ ခွင့် ၅ ရက်၊

(၂) တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာ ခွင့် ၁ ရက်၊

(၃) ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦးခွင့် ၁ ရက်၊

**မူကြမ်း**

(၄) ချောက်မဲဆန္ဒနယ်မှ ဦးဌေးလွင် ခွင့် ၁ ရက်၊

(၅) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်၊

(၆) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၁ ရက်၊

(၇) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်းခွင့် ၁ ရက်၊

(၈) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၁ ရက်၊

(၉) တောင်သာမဲဆန္ဒနယ်မှာ ဦးအောင်သောင်း ခွင့် ၁ ရက်၊

(၁၀) မြင်းခြံမဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၁ ရက်၊

(၁၁) မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် ခွင့် ၁ ရက်၊

(၁၂) ချမ်းအေးသာစံမဲဆန္ဒနယ်မှ ဒေါက်တာကျော်မြင့် ခွင့် ၁ ရက်၊

(၁၃) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ခွင့် ၅ ရက်၊

(၁၄) ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦး ခွင့် ၁ ရက်၊

(၁၅) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၁ ရက်၊

(၁၆) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် ခွင့် ၁ ရက်၊

(၁၇) အင်္ဂပူမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၁ ရက်၊

(၁၈) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊

(၁၉) ခနေဖြူမဲဆန္ဒနယ်မှ ဦးကြည်တင့် ခွင့် ၅ ရက်၊

(၂၀) ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့် ခွင့် ၁ ရက်၊

(၂၁) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျိုဖုန်ဆားရ် ခွင့် ၁ ရက်၊

(၂၂) ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင် ခွင့် ၅ ရက်၊

(၂၃) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည် ခွင့် ၅ ရက်၊

(၂၄) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ ခွင့် ၁ ရက်၊

(၂၅) မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း(ခ) ဦးထွန်းထွန်း ခွင့် ၁ ရက်၊

(၂၆) တာမွေမဲဆန္ဒနယ်မှ ဒေါ်လွဲ့လွဲ့ဝင်းဆွေ ခွင့် ၁ ရက်၊

(၂၇) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ခွင့် ၁ ရက်၊

(၂၈) ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို ခွင့် ၁ ရက်၊

(၂၉) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေး ခွင့် ၁ ရက်၊

(၃၀) ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့် ခွင့် ၁ ရက်၊

(၃၁) မြိတ်မဲဆန္ဒနယ်မှ ဦးအေးမြင့် ခွင့် ၁ ရက်၊

(၃၂) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၁ ရက်၊

(၃၃) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၁ ရက်၊

(၃၄) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၁ ရက်၊

(၃၅) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း ခွင့် ၁၂ ရက်၊

(၃၆) ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ ခွင့် ၁ ရက်၊

(၃၇) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၁ ရက်၊

(၃၈) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၅ ရက်၊

(၃၉) မက်မန်းမဲဆန္ဒနယ်မှ ဦးအိုက်ယွန်းမွန်း ခွင့် ၅ ရက်၊

(၄၀) ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့် ခွင့် ၁ ရက်၊

(၄၁) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၅ ရက်၊

(၄၂) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၁ ရက်၊

(၄၃) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၈ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၆ ဦး၊ ယနေ့ခွင့်ပြုထားသူ ၄၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**မူကြမ်း**

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။**]**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ကို စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။

**တိုင်းရင်းဆေးပညာရှင်များအား ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ရာထူးတာဝန်များအထိ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ အားလုံးပဲမင်္ဂလာပါခင်ဗျာ။ လေးစားအပ်တဲ့ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရှေးခေတ်အဆက်ဆက်မှာ မြန်မာတိုင်းရင်းဆေးပညာရှင်ကြီးများဟာ တိုးရင်းဆေးပညာရပ်များ ဖွံ့ဖြိုးတိုးတက်အောင် နည်းအမျိုးမျိုးနဲ့ကြိုးစားလာခဲ့ကြပါတယ်။ အဘိဓမ္မာတောင်သာ သဘာဝဓမ္မဆေးပညာနဲ့ သိမ်ဖြူဆေးသိပ္ပံတွေဟာ အလွန်ထင်ရှားအောင်မြင်ခဲ့ပြီးတော့ ဆေးကျမ်းအစောင်စောင်နဲ့ တိုင်းရင်းဆေးဆရာအဖွဲ့ဥပဒေ၊ နည်းဥပဒေတွေကိုလည်း ပြဋ္ဌာန်းခဲ့ကြပါတယ်။ မြန်မာ့တိုင်းရင်းဆေးကို ၁၉၅၃ ခုနှစ်မှစပြီးတော့ ကျန်းမာရေးဦးစီးဌာနအောက် ဆရာဝန်များရဲ့စီမံအုပ်ချုပ်မှုနဲ့ ရပ်တည်လာခဲ့ပါတယ်။ ၁၉၈၉ ခုနှစ်မှာတော့ တိုင်းရင်းဆေးပညာဦးစီးဌာန စတင်တည်ထောင်ခဲ့ပြီးတော့ ယနေ့အထိ အနောက်တိုင်းဆေးပညာရှင် ညွှန်ကြားရေးမှူးချုပ် ၁၀ ဦး စီမံအုပ်ချုပ်ခဲ့ပါတယ်။ တိုင်းရင်းဆေးပညာဌာနမှာ တိုင်းရင်းဆေးပညာရှင်များ အဓိကဦးဆောင်မှု တာဝန်ယူခွင့်မရဘဲ တိုင်းရင်းဆေးပညာနဲ့ အကျွမ်းတဝင်မရှိတဲ့ အနောက်တိုင်းဆေးပညာရှင်များ၊ ဆရာဝန်များသာ ဦးဆောင်နေတဲ့အတွက် အစိုးရများက တိုင်းရင်းဆေးပညာတိုးတက်ရေး အားပေးခဲ့ကြသော်လည်း တိုးတက်သင့်သလောက် မတိုးတက်ခဲ့ပါ။ တိုင်းရင်းဆေးသိပ္ပံကို ၁၉၇၆ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ဖွင့်လှစ်ခဲ့တဲ့အခါမှာ တိုင်းရင်းဆေးဒီပလိုမာရရှိသူ ၂၁၈၇ ဦး၊ တိုင်းရင်းဆေးတက္ကသိုလ်မှ မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ရရှိသူ ၁၀၉၇ ဦး၊ မြန်မာ့တိုင်းရင်းဆေးပညာမဟာဘွဲ့၊ အခြားဘွဲ့လွန်နှင့် ပါရဂူ

ဘွဲ့များ၊ တိုင်းရင်းဆေးပညာ သုံးဘာသာ၊ လေးဘာသာနှင့် တိုင်းရင်းဆေးပညာ တစ်နှစ်သင်တန်းဆင်းများစသဖြင့် တိုင်းရင်းဆေးဆရာအင်အားဟာ အခုဆိုရင် ၇၀၀၀ ခန့်အထိရှိပြီးတော့ ခေတ်ပညာတတ်တိုင်းရင်းဆေးပညာရှင်များလည်း အလုံအလောက်ရှိနေပြီး တိုင်းရင်းဆေးပညာဦးစီးဌာနကို ဦးဆောင်နိုင်စွမ်းလည်း ရှိနေပြီဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ အခြားဦးစီးဌာနများကဲ့သို့ ကျန်းမာရေးဦးစီးဌာနအောက်မှာ တိုင်းရင်းဆေးပညာဦးစီးဌာနကို တိုင်းရင်းဆေးပညာရှင်များ အဓိကဦးဆောင်တဲ့အခန်းကဏ္ဍမှာ ပါဝင်ဆောင်ရွက်ခွင့်ပြုတဲ့ အခြေအနေ၊ အချိန်အခါကောင်းကို ရောက်ရှိနေပြီလို့ ရိုးသားစွာယူဆပါတယ်။ ဒါ့ကြောင့် တိုင်းရင်းဆေးဆရာ၊ တိုင်းရင်းဆေးဆရာလောကရဲ့အသံကိုထင်ဟပ်ပြီးတော့ မြန်မာ့ရိုးရာအမွေအနှစ်တိုင်းရင်းဆေးပညာရပ်များ ဂုဏ်ယူဝင့်ထည်စွာ အရှည်ထိန်းသိမ်းနိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုပြီးတော့ မေးမြန်းရတာဖြစ်ပါတယ်။

မေးမြန်းလိုတာကတော့ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနမှာ တိုင်းရင်းဆေးပညာရှင်များအား ဌာနရဲ့အမြင့်ဆုံးရာထူးဖြစ်တဲ့ ညွှန်ကြားရေးမှူးချုပ်နဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်ရာထူးတာဝန်များအထိ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါကြောင်း လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြင့် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးရဲ့ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှာ တိုင်းရင်းဆေးပညာရှင်များအား ဌာန၏အမြင့်ဆုံးရာထူးဖြစ်သည့် ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ရာထူးတာဝန်များအထိ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်၍ တိုင်းရင်းဆေးပညာဦးစီးဌာန၏ လုပ်ငန်းဆောင်တာများတွင် တိုင်းရင်းဆေးပညာရှင်များနှင့် တိုက်ရိုက်သက်ဆိုင်သည့် ကုသရေးလုပ်ငန်းများသာမက စီမံခန့်ခွဲရေးလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများ၊ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းများ၊ ဆေးရုံလုပ်ငန်းများ၊ စက်ရုံလုပ်ငန်းများ၊ ပြတိုက်လုပ်ငန်းများ၊ ဥယျာဉ်

လုပ်ငန်းများစသဖြင့် ပါဝင်နေပြီး ၎င်းလုပ်ငန်းများနှင့်သက်ဆိုင်သည့် တိုင်းရင်းဆေးပညာရှင်မဟုတ်သည့် ကျွမ်းကျင်သူပညာရှင်များလည်း လိုအပ်သည်ကိုတွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ တိုင်းရင်းဆေးပညာဦးစီးဌာနအား ဦးဆောင်ဦးရွက်ပြုလုပ်မည့်သူအနေဖြင့် အဆိုပါ လုပ်ငန်းနယ်ပယ်အားလုံးအား ကျွမ်းကျွမ်းကျင်ကျင်၊ နှံ့နှံ့စပ်စပ်သိနားလည်ပြီး လမ်းညွှန်မှုပေးနိုင်ရန် လိုအပ်ပါတယ်။ နောင်အနာဂတ်ကာလတွင် တိုင်းရင်းဆေးပညာရှင်များထဲမှ အဆိုပါလုပ်ငန်းနယ်ပယ်အားလုံးကို တတ်သိနားလည်၍ ဦးဆောင်ဦးရွက်ပြုနိုင်မည့်ပုဂ္ဂိုလ်များ ပေါ်ထွန်းလာသည့်အချိန်တွင် တာဝန်များ အဆင့်တိုးမြှင့်ပေးရန် စဉ်းစားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)** ။ ။ လေးစားအပ်တဲ့ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။ တိုင်းရင်းဆေးပညာရှင်များဟာ လိုအပ်ချက်တွေ ရှိနေသေးတယ်။ တိုင်းရင်းဆေးပညာရပ် ကုသရေးသာမကပေါ့လေ ကျန်တဲ့စီမံခန့်ခွဲရေးတွေအတွက်လည်း လိုအပ်တယ်လို့ ဟိုးယခင် ညွှန်ကြားရေးမှူးချုပ်တွေ အစဉ်အဆက်ဟာ ကျွန်တော်တို့ကိုပဲ ဒီလိုပဲပြောခဲ့ပါတယ်။ သူတို့လည်း အားတောင့်အားနာနဲ့ ကျွန်တော်တို့ တိုင်းရင်းဆေးပညာမှာလာပြီးတော့ ဦးဆောင်ဦးရွက်ပြုနေကြရတာဖြစ်ပါတယ်။ အခု ဒီ မကြာခင်ပေါ့လေ။ တိုင်းရင်းဆေးညွှန်ကြားရေးမှူးချုပ် လစ်လပ်တဲ့အခါမှာလည်း အနောက်တိုင်းဆေးပညာရှင် ဆရာဝန်ကြီးတစ်ဦးကို ခန့်အပ်ခဲ့ပါတယ်။ အခု လက်ရှိကိုလည်းပေါ့လေ တိုင်းရင်းဆေးတက္ကသိုလ်နဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်ကြီးတစ်ဦး လစ်လပ်လျက်ရှိတယ်လို့လည်း ကျွန်တော်တို့သိရပါတယ်။ အဲဒီတော့ တိုင်းရင်းဆေးတက္ကသိုလ်လို့ ပြောလို့ရှိရင်တော့ တိုင်းရင်းဆေးတက္ကသိုလ်ရဲ့ ဦးဆောင်ဦးရွက်ပြုတဲ့လူဟာ တိုင်းရင်းဆေးပညာရှင်ပဲ ဖြစ်သင့်ပါတယ်။ ပါမောက္ခ၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခချုပ်တွေဆိုလို့ရှိရင်တော့လည်း တခြားက ပညာရှင်တွေလိုအပ်လို့ရှိရင် ထားသင့်ပါတယ်။ ဒီလိုပဲ တိုင်းရင်းဆေးရုံလို့ပြောလို့ရှိရင်လည်း ဆေးရုံအုပ်ဟာ တိုင်းရင်းဆေးပညာရှင်ပဲဖြစ်သင့်ပါတယ်။ အဲဒီလို လူနာသည် အနာနဲ့ဆေးကို တည့်အောင်ပေးမှပဲ ပျောက်ရေးမခက်လို့ ဆိုစကားလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ တိုင်းရင်းဆေးပညာရှင်တွေကိုပေါ့လေ တစ်ဆင့်မြှင့်ပြီးတော့ တာဝန်ပေးမယ်ဆိုလို့ရှိရင်တော့ ဒါ ရေကူးတတ်အောင်လို့ ရေထဲချပြီးတော့ သင်ပေးသလိုလည်းဖြစ်ပါတယ်။ နေရာမှန်၊ လူမှန်ဖြစ်တဲ့အတွက် ပိုပြီးတော့ တာဝန်ယူမှု၊ တာဝန်ခံမှုတွေလည်းရှိမယ်လို့ ယုံကြည်ပါတယ်။ အခု လက်ရှိလစ်လပ်နေတဲ့နေရာတွေမှာ ကျွမ်းကျင်မှုမရှိတဲ့ တခြားဌာနကနေပြီးတော့ ရောက်လာမှာကိုလည်း ဒီတိုင်းရင်းဆေးဆရာတွေကနေပြီးတော့ စိုးရိမ်သောက

တွေ့ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်က ဆက်စပ်ပြီးတော့ မေးချင်တာဖြစ်ပါတယ်။ မေးမြန်းလိုတာကတော့ အခုလစ်လပ်လျက်ရှိတဲ့ တိုင်းရင်းဆေးတက္ကသိုလ်ပါမောက္ခချုပ်နဲ့ တိုင်းရင်းဆေးပညာဦးစီးဌာနရဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ရာထူးနေရာတွေမှာကော လက်ရှိတိုင်းရင်းဆေးဆရာတွေထဲက ပါမောက္ခတွေရှိတယ်၊ မဟာဘွဲ့ရတဲ့လူတွေရှိတယ်၊ Ph.D ဘွဲ့ရတဲ့လူတွေရှိတယ်၊ ဒီလိုလူတွေထဲက အတွေ့အကြုံရှိတဲ့လူတွေကိုကော ခန့်အပ်မယ့်အစီအစဉ်ရှိပါသလား။ မရှိသေးဘူးဆိုရင် ဘယ်လောက်ကြာတဲ့အခါကျမှ အခု နှစ်ပေါင်း(၆၀)လောက် အနောက်တိုင်းဆေးပညာရှင်တွေက ဦးစီးခဲ့တာကို ကျေးဇူးတင်ပါတယ်။ သို့သော် နောက်ထပ် နှစ်(၅၀)လောက် ထပ်ပြီးတော့ အချိန်ယူဦးမလားလို့လည်း ဖြေကြားပေးဖို့ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဒီရာထူးတိုးမြှင့်ရေးကို ကျွန်တော်တို့စဉ်းစားတဲ့အခါမှာ အဲဒီရာထူးတိုးမြှင့်တဲ့နေရာကို အကျွမ်းဝင်တဲ့ပုဂ္ဂိုလ်အားလုံးပေါ့။ တိုင်းရင်းဆေးဆရာများအပါအဝင် အားလုံးကို ကျွန်တော်တို့ တန်းစီဇယားနဲ့စဉ်းစားပါတယ်။ စဉ်းစားပြီးတဲ့အခါမှာ သူတို့ရဲ့အတွေ့အကြုံ၊ သူတို့ရဲ့ဘွဲ့ရတဲ့အမှတ်တွေ၊ သူတို့ရဲ့ လုပ်သက်ရမှတ်တွေနဲ့ ကျွန်တော်တို့အားလုံး စဉ်းစားပြီးတဲ့အခါမှာ ဘုတ်အဖွဲ့နဲ့ စဉ်းစားဆောင်ရွက်တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တိုင်းရင်းဆေးပညာရှင်ထဲကနေပြီးတော့ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ရာထူးနေရာများမှာ အကယ်၍များ သင့်တော်တဲ့နေရာရှိလို့ရှိရင် ဒါတွေဟာ ကျွန်တော် ခုနက ပထမပိုင်းမှာ တင်ပြခဲ့သလို ကျွန်တော်တို့ စဉ်းစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သို့သော် ဘယ်အချိန်မှာ ကျွန်တော်တို့ လုပ်ကိုင်ပေးနိုင်မလဲဆိုတာ အဲဒီ ခုနက ကျွန်တော်တင်ပြခဲ့တဲ့ လုပ်ငန်းအားလုံးကို နှံ့နှံ့စပ်စပ်နဲ့ ကျွန်တော်တို့သတ်မှတ်ထားတဲ့ အရည်အချင်းတွေနဲ့ပြည့်စုံတဲ့ တိုင်းရင်းဆေးပညာရှင်ထွက်လာလို့ရှိရင်တော့ အဲဒီနေရာတွေက တိုင်းရင်းဆေးပညာရှင်များ ခန့်ထားပေးနိုင်မှာဖြစ်ပါတယ်။ တိုင်းရင်းဆေးပညာရှင်တင်မဟုတ်ပါဘူး။ တခြား တက္ကသိုလ်တွေမှာလည်း သက်ဆိုင်ရာ သူနာပြုတက္ကသိုလ်ဆိုလို့ရှိရင်လည်း လက်ရှိ လောလောဆယ် ပါမောက္ခချုပ်အနေနဲ့ သူနာပြုထဲက ခန့်အပ်နိုင်ခြင်းမရှိသေးပါဘူး။ ကျွန်တော်တို့အနေနဲ့ သူတို့ရဲ့ အရည်အသွေးပြည့်ဝလာတဲ့အချိန်လေးကို အချိန်တစ်ခုစောင့်နေတာဖြစ်ပါတယ်ဆိုတာကို ကျွန်တော်ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဖြေကြားပေးတဲ့ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်ကလည်း ကြားဖြတ်လေး ဝင်ပြီးဆွေးနွေးမေးမြန်းချင်တာလေးတစ်ခု

**မူကြမ်း**

ရှိပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ တိုင်းရင်းဆေးဆိုတာ များသောအားဖြင့် မိရိုးဖလာနဲ့ဆင်းသက်လာကြတာ ဟိုတုန်းကများခဲ့ပါတယ်။ ဒါကြောင့်မို့လို့ တချို့ပညာရပ်တွေဆိုတာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အင်မတန်ကို အစွမ်းထက်ထက် ပေါ်ပေါက်ခဲ့တာတွေလည်း ကြားခဲ့ဖူးပါတယ်။ သို့သော်လည်း ကြာလာတဲ့အခါကျတော့ ကျွန်တော်တို့ဆီမှာ ကျွန်တော်ပြောတဲ့စကားများမှားရင်တော့လည်း သည်းခံခွင့်လွှတ်ပေးပါ။ ဆရာစားချန်တယ်ဆိုတဲ့စကားလုံးလေးနဲ့ ဘယ်တော့မဆို မိမိရဲ့ပညာကို တပည့်သားသမီးများကို အကုန်မပေးဘဲနဲ့ ချန်ပြီးထားခဲ့တဲ့အခါမှာ တချို့ပညာရပ်တွေဟာ ပျောက်ကွယ်လုနီးနီးဖြစ်သွားတာတွေလည်း ကျွန်တော်တို့တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ တချို့ကျတော့ အပြင်တစိမ်းကိုမပေးဘဲနဲ့ မိမိရဲ့သားစဉ်မြေးဆက် ဆွေမျိုးအရင်းအခြာကိုပဲပေးတဲ့ အလေ့အထလေးလည်း ကျွန်တော်တို့လေ့လာမိပါတယ်။ ဒါကြောင့်မို့လို့ တိုင်းရင်းဆေးပညာက ဖွင့်လှစ်ပေးတဲ့ တိုင်းရင်းဆေးပညာသင်တန်းကိုမတက်ရဘဲနဲ့ ကျွန်တော်ကြားဖူးသလောက်တော့ ၁၉၉၆ ခုနှစ် မတိုင်မီတုန်းကဆိုရင် အပြင်မှာ HGP တို့ RL သင်တန်းတို့လို သင်တန်းတက်စရာ၊ RL ကတော့ထား သင်တန်းတက်ရတယ်။ HGP တို့ဆို နိုင်ငံတော်က သင်တန်းဖွင့်လှစ်မပေးဘဲနဲ့ ပြင်ပပုဂ္ဂိုလ်များကို ဖြေခွင့်ပေးခဲ့သလိုမျိုး ဟိုတုန်းကတော့ တိုင်းရင်းဆေး ၁၉၉၆ ခုနှစ်အထိ ကျွန်တော်မှတ်မိပါတယ်။ စာမေးပွဲကျင်းပပေးမယ်ဆိုပြီး ၁၉၉၆ ခုနှစ်က မကျင်းပဘဲနဲ့ ရပ်တန့်သွားတာရှိပါတယ်။ ဒါကြောင့်မို့လို့ မိမိတို့အရပ်ဒေသမှာပဲ မိဘမျိုးရိုးကနေပြီးတော့ ဆင်းသက်လာတဲ့ပညာရပ်ကို ဆည်းပူးပြီးတော့မှပဲ သူတို့အတွက်လည်း ဆက်လက်ပြီးတော့ သူတို့ရဲ့အရပ်ဒေသတွေမှာ လုပ်ကိုင်ပြီးတော့ ဆေးကုသပေးနိုင်ဖို့အတွက်ကို ဘာခေါ်လဲ အစိုးရကနေပြီးတော့များ ဒီလိုစာမေးပွဲလေးတွေများ ကျင်းပပေးဖို့အစီအစဉ်ရှိသလားဆိုတာကို နံပါတ်(၁)သိလိုပါတယ်။ နောက် ကျွန်တော်ကြုံကြိုက်တုန်း ဆက်လက်ဖြေကြားလိုတာကတော့ များသောအားဖြင့် ကျွန်တော်နားလည်သလောက်တော့ ပညာရှင်များဟာ ပညာရှင်အပိုင်းက သတ်သတ်ဖြစ်ပါတယ်။ အုပ်ချုပ်ရေးပိုင်းက အုပ်ချုပ်ရေးပိုင်းသတ်သတ်ဖြစ်တဲ့အတွက် ဒီလိုဆေးရုံတွေမှာလည်းပဲ သတ်သတ်ကိုပဲ Hospital Management တွေဘာတွေကို သင်တန်းတွေလည်းတက်ရောက်ပြီးမှ ဆေးရုံအုပ်တွေ၊ ဘာတွေဖြစ်ကြတာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီဟာတွေအတွက်လည်းပဲ သီးခြား ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ဖွင့်လှစ်ပေးနိုင်မယ်ဆိုရင်တော့ အဲဒီလိုဟာမျိုးအစီအစဉ်ရှိရင်တော့ ခုနက ကျွန်တော်တို့ကိုယ်စားလှယ်ကြီးမေးတဲ့ အတိုင်းပဲ တိုင်းရင်းဆေးပညာရှင်များဟာ ဆေးရုံအုပ်ချုပ်တဲ့အပိုင်းမှာပါ ရရှိလာမှာဖြစ်ပါတယ်။ သို့သော်လည်း မိမိတို့ရဲ့တတ်ကျွမ်းတဲ့ ဆေးပညာတစ်ခုသတ်သတ်ထဲနဲ့ကျတော့လည်း အုပ်ချုပ်ရေး

ပိုင်းမှာ၊ တချို့နေရာတွေမှာ အံမဝင်တာလေးတွေရှိနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာလေးတွေများ ကျန်းမာရေးဝန်ကြီးဌာနက ကျွန်တော်မေးတဲ့အပိုင်းလေးများ၊ အစီအစဉ်လေးများရှိရင် ကျွန်တော့်ကို ဖြေကြားပေးနိုင်ရင် ဖြေကြားပေးပါခင်ဗျာ။

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပထမဦးဆုံးမေးခွန်းအနေနဲ့ကတော့ တိုင်းရင်းဆေးပညာတိုးတက်ရေးအတွက်ကို ကျွန်တော်တို့က သက်ဆိုင်ရာဆေးပညာဦးစီးဌာနကိုတော့ ညွှန်ကြားရေးမှူးချုပ်က ဦးဆောင်တယ် ဆိုသော်လည်းပဲ ဆေးပညာရပ်ရဲ့ဖွံ့ဖြိုးတိုးတက်မှုကတော့ တိုင်းရင်းဆေးကောင်စီဆိုတာ ကျွန်တော်တို့ ဖွဲ့ထားပါတယ်။ အဲဒီမှာကတော့ ကျွန်တော်တို့ရဲ့ဝန်ထမ်းတွေတင်မကဘဲနဲ့ တကယ့် ခုနက ဒုတိယ ဥက္ကဋ္ဌကြီးအမိန့်ရှိတဲ့ တိုင်းရင်းဆေးနယ်ပယ်မှာ ကျော်ကြားတဲ့ဆရာကြီးတွေနဲ့ စုဖွဲ့ပြီးတော့ တိုင်းရင်း ဆေးပညာရပ်တိုးတက်ရေးကို ဆောင်ရွက်နေပါတယ်။ အဲဒီလိုဆောင်ရွက်နေတဲ့နေရာမှာ ခုနက ဒုတိယ ဥက္ကဋ္ဌကြီးမေးမြန်းတဲ့ နယ်မှာအသီးသီးရှိနေတဲ့ တိုင်းရင်းဆေးဆရာတွေကို အသိအမှတ်ပြုဖို့အတွက် ကိုလည်းပဲ ဒီတိုင်းရင်းဆေးကောင်စီကပဲ သူတို့က အသိအမှတ်ပြုလက်မှတ်ထုတ်ပေးတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခုနက ကျွန်တော် တိုင်းရင်းဆေးကောင်စီက ဆရာကြီးများနဲ့ညှိပြီးတဲ့အခါမှာ ဒီဟာ တွေကို ဆက်လက်ပြီးတော့ ပုံမှန်သင်တန်းလေးတွေလုပ်ပေးပြီး၊ ပုံမှန်စာမေးပွဲလေးတွေလုပ်ပေးဖို့ ကိစ္စကိုလည်း ကျွန်တော် ဆက်လက်ပြီး ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဒုတိယမေးခွန်း အနေနဲ့ကတော့ ကျွန်တော်တို့ Hospital Admin အနေနဲ့ကတော့ လောလောဆယ် ဆေးရုံစီမံခန့်ခွဲမှု သင်တန်းကတော့ အနောက်တိုင်းဆေးပညာရှင်တွေနဲ့ ပတ်သက်တဲ့သင်တန်းပဲ ကျွန်တော်တို့ ဖွင့်လှစ် နိုင်ပါသေးတယ်။ တိုင်းရင်းဆေးပညာရှင်တွေကိုတော့ ဒီမှာ ဘာလို့လဲဆိုတော့ သဘာဝချင်း မတူ လို့ပါ။ သို့သော်လည်းပဲ တိုင်းရင်းဆေးပညာရှင်များအနေနဲ့ သူတို့တက်နိုင်တဲ့သင်တန်းကတော့ Management သင်တန်းတွေ အပြင်မှာ အများကြီးပဲဖွင့်နေတာရှိပါတယ်။ စီးပွားရေးတက္ကသိုလ်က ပေးနေတဲ့သင်တန်းတွေရှိပါတယ်။ ဒါတွေကို သူတို့တက်မယ်ဆိုလို့ရှိရင်လည်း တက်လို့ရပါတယ်။ တက်ခွင့်လည်းရှိပါတယ်။ တက်ခွင့်ရပြီးတော့ တက်ခဲ့လို့ ဒီဘွဲ့တွေရလာပြီဆိုလို့ရှိရင်လည်း ခုနက ကျွန်တော်ပြောခဲ့တဲ့နေရာတွေမှာ၊ ရာထူးတိုးမြှင့်ရေးမှာ သူက ဘွဲ့အတွက်ရမှတ်တိုးတက်လာပြီးတဲ့အခါ မှာ သူတို့က ဒါအတွက်ကို ကျွန်တော်တို့က အလေးထားစဉ်းစားပြီးတဲ့အခါမှာ ခုနကနယ်ပယ်တွေမှာ ကျွန်တော်တို့ ခန့်ထားနိုင်ရေးအတွက်လည်း ကျွန်တော်တို့ စဉ်းစားပေးနိုင်မှာဖြစ်ပါကြောင်း ပြန်လည် ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ကျေးဇူးတင်ပါတယ်။

**ကြို့ပင်ကောက်မြို့နယ်၊ မြို့နယ်ပြည်သူ့ဆေးရုံအား ခုတင်(၁၀၀)ဆံ့ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် နှင့် လယ်တီကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနအား (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖြစ် အဆင့် တိုးမြှင့်ပေးရန်တို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန့်ဇင်(ကြို့ပင်ကောက်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ ဧည့်သည်တော်များ၊ အလားတူပဲ တာဝန်ကိုယ်စီထမ်းဆောင်နေကြတဲ့ ပြည်ထောင်စု လွှတ်တော်နာယကကြီးနှင့် နိုင်ငံတော်အကြီးအကဲများ၊ နိုင်ငံသူနိုင်ငံသားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီးတော့ နိုင်ငံတောနဲ့နိုင်ငံသားများ၏အကျိုးစီးပွားကို ဆတက်ထမ်းပိုးသယ်ပိုး ဆောင်ရွက်နိုင်ကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သရင်းနဲ့ နှုတ်ခွန်းဆက်သဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ဖြစ်ပါတယ်။ ကြို့ပင်ကောက်မြို့နယ်အတွင်းမှာ ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာစေရေးအတွက် ရှေးရှုပြီးတော့ ကျန်းမာရေး ဌာနနဲ့ပတ်သက်တဲ့မေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။ ကြို့ပင်ကောက်မြို့နယ် ပြည်သူ့ဆေးရုံကြီးကို ခုတင် (၅၀)ဆံ့အဆင့်မှ ခုတင်(၁၀၀)ဆံ့ ဆေးရုံအဖြစ်သို့ တိုးမြှင့်ပေးပါရန်နဲ့ ကြို့ပင်ကောက် မြို့နယ် အနောက်ဖက်ခြမ်းမှာ တိုက်နယ်ဆေးရုံမရှိသေးတဲ့အတွက် လယ်တီကျေးလက်ကျန်းမာရေးဌာနအား (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဆင့်အဖြစ်တိုးမြှင့်သတ်မှတ်ပေးပါရန် အစီအစဉ်အား ဖြေကြားပေး နိုင်ပါရန် ရိုသေလေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားပေးရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန့်ဇင်ရဲ့ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ပဲခူး

တိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ မြို့နယ်ပြည်သူ့ဆေးရုံအား ခုတင်(၁၀၀)ဆံ့ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးပါရန်နှင့် လယ်တီကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနအား (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးပါရန်နှင့် မည်သည့်နှစ်တွင် ချမှတ်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ် ခုတင်(၅၀)ဆံ့ပြည်သူ့ဆေးရုံ အား ခုတင်(၁၀၀)ဆံ့သို့တိုးမြှင့်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ကျန်းမာရေးဝန်ကြီးဌာန၊ ဝန်ကြီး ရုံး၏ ၂၆-၃-၂၀၁၅၊ ၆-၅-၂၀၁၅ နှင့် ၂၆-၆-၂၀၁၅ ရက်စွဲပါစာများဖြင့် တိုးချဲ့ဆောက်လုပ်မည့် အဆောက်အဦများအတွက် မြေနေရာလုံလောက်မှုရှိ/မရှိ၊ အဆောက်အဦထပ်မံဆောက်လုပ်ရန် လိုအပ်ချက်ရှိ/မရှိနှင့် နယ်မြေဒေသအခြေအနေနှင့် မြေပြင်အမှန်တကယ်လိုအပ်မှုရှိ/မရှိတို့ကို စိစစ် ပြန်ကြားပေးပါရန် ညှိနှိုင်းထားပါကြောင်းနှင့် သဘောတူညီချက်ရရှိပါက အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့သို့ သဘောထားမှတ်ချက် တောင်းခံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သဘောထားမှတ်ချက်ရရှိပါက ဖွင့်လှစ်ခွင့်ရရှိရေး အတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ဒုတိယ မေးခွန်းအနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ လယ်တီကျေးလက်ကျန်းမာရေးဌာန သည် ကြို့ပင်ကောက်မြို့နယ်ဆေးရုံနှင့် ၉ မိုင်နှင့် ၃ ဖာလုံ၊ အလယ်ကုန်းတိုက်နယ်ဆေးရုံနှင့် ၁၈ မိုင် ခန့်ကွာဝေးပါတယ်။ ကုသရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များအတွင်း တစ်နှစ်လျှင် တိုက်နယ်ဆေးရုံအသစ် (၅၁)ရုံ ဖွင့်လှစ်ရန်လျာထားခဲ့ပြီး ပဲခူးတိုင်းဒေသကြီးတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၌ ဖွင့်လှစ်ရန် တိုက်နယ်ဆေးရုံ (၆)ရုံ လျာထားခဲ့ပြီးဖြစ်ပါတယ်။ သို့ပါ၍ ကြို့ပင်ကောက်မြို့နယ်၊ လယ်တီ ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံဖွင့်လှစ်ရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အတွင်း အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ် ပါတယ်။ ကျေးဇူးတင်ပါတယ်။

**သာယာဝတီမြို့နယ်၊ အသရော်ကျေးရွာအုပ်စု၊ ကျေးလက်ကျန်းမာရေးဌာနအား အသရော်တိုက်နယ် ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်(သာယာဝတီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမဲဆန္ဒနယ်မှ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သာယာဝတီမြို့နယ်၊ အသရော်ကျေးရွာ တိုက်နယ်ဆေးရုံရရှိရေးနဲ့ပတ်သက်ပြီး မေးခွန်းမေးမြန်းမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အသရော်ကျေးရွာဟာ သာယာဝတီမြို့ရဲ့အနောက်ဘက် မြစ်မခမြစ်ရဲ့အနောက်ဘက်ခြမ်းမှာတည်ရှိပြီး သာယာဝတီမြို့မှ ၁၅ မိုင် ကွာဝေးပါတယ်။ မိုးတွင်းအခါမှာ ရေလွှမ်းဒေသဖြစ်တဲ့အတွက်ကြောင့် လှေ၊ မော်တော်များဖြင့်သာ သွားလာ၍ရပါတယ်။ သာယာဝတီမြို့ကို လာရာမှာလည်း မိုးတွင်းအခါ စက်လှေဖြင့် သုံးဆယ်ချောင်းအတိုင်း သုံးဆယ်မှတစ်ဆင့် သာယာဝတီမြို့သို့ တစ်မိုင်ခန့်သွားရပါတယ်။ နွေအခါ သုံးဆယ်ချောင်းရေနည်းတဲ့အတွက် မြစ်မခမြစ် ကိုဖြတ်ပြီး လှေ၊ ကွန်တောင်းများဖြင့် သာယာဝတီမြို့ကို သွားရတဲ့အတွက် သွားလာမှုခက်ခဲသော ဒေသဖြစ်ပါတယ်။ စံရွှေးတိုက်နယ်ဆေးရုံဟာ အသရော်ကျေးရွာနဲ့ ၁၀ မိုင်ကွာဝေးပြီး အသရော်ရဲ့အောက်ပိုင်းမှာတည်ရှိပါတယ်။ အရေးကြီးလူနာများ စံရွှေးတိုက်နယ်ကို သွားရောက်ဆေးကုသရာမှာ လူနာအခြေအနေမကောင်းလို့ သာယာဝတီဆေးရုံကို ပြန်ပို့ရလို့ရှိရင် ခရီးမိုင်နှစ်ဆ၊ အချိန်နှစ်ဆကုန်မှာဖြစ်တဲ့အပြင် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် ဆေးရုံကိုရောက်ရှိသင့်ချိန် မရောက်ရှိတဲ့အတွက်ကြောင့်လည်းကောင်း၊ စရိတ်အကုန်အကျများ၍လည်းကောင်း လူနာများ အသက်ဆုံးရှုံးမှုနဲ့ ရင်ဆိုင်နေရပါတယ်။ အသရော်ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနအား ကျေးလက်ကျန်းမာရေးဌာနခွဲ လေးခုနဲ့ ၁၉၉၁ ခုနှစ်က စတင်ပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ခဲ့ ရာမှာ ၂၄ နှစ်ရှိပါပြီ။ ကျန်းမာရေးဌာနပိုင်မြေအဖြစ်လည်း မြေဧရိယာ ၅.၀၃၉ ဧကကိုလည်း ဒေသခံများက ၉-၉-၂၀၁၃ ရက်နေ့မှာ တိုက်နယ်ဆေးရုံဆောက်လုပ်နိုင်ဖို့အတွက် ကျန်းမာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပြီးလည်းဖြစ်ပါတယ်။ တိုက်နယ်ဆေးရုံအဖြစ် ခွင့်ပြုပေးမယ်ဆိုရင် ကျေးရွာအုပ်စု လေးအုပ်စု၊ ကျေးရွာ ၃၉ ရွာ၊ လူဦးရေ နှစ်သောင်းခန့်ကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မှာဖြစ်ပါတယ်။ သို့အတွက်ကြောင့် နိုင်ငံတော်မှ အသရော်ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံ အဖြစ် အဆင့်မြှင့်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ ဒေသခံပြည်သူများကိုယ်စား ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြင့် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ အသရော်ကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဌာနအား အသရော်တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ် အသရော်ကျေးလက်ကျန်းမာရေးဌာနသည် သာယာဝတီဆေးရုံနှင့် ၁၁ မိုင်၊ စံရွေးတိုက်နယ်ဆေးရုံနှင့် ၇ မိုင်ကွာဝေးပါတယ်။ ကုသရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်များအတွင်း တစ်နှစ်လျှင် တိုက်နယ်ဆေးရုံအသစ် စုစုပေါင်း ၅၁ ရုံဖွင့်လှစ်ရန် စီမံကိန်းလျာထားသတ်မှတ်ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တိုက်နယ်ဆေးရုံ (၆)ရုံ လျာထားဆောင်ရွက်ပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သာယာဝတီမြို့နယ်၊ အသရော်ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အစီအစဉ်မရှိသေးပါကြောင်းနှင့် လာမည့်ဘဏ္ဍာနှစ်တွင် နှစ်အလိုက်စီမံကိန်းလျာထားချက်များအတွင်း ထည့်သွင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

## ရထားပို့ဆောင်ရေးဝန်ကြီးဌာနက မော်တော်ယာဉ်ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက မော်တော်ယာဉ်ဥပဒေကြမ်း တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအား ဖိတ်ခေါ်ပါတယ်။

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ပြုစုရေးဆွဲထားတဲ့ မော်တော်ယာဉ်ဥပဒေကြမ်းကို ရထား

ပို့ဆောင်ရေးဝန်ကြီးဌာနရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးချန်မောင် က ပြည်သူ့လွှတ်တော်သို့ တင်သွင်းသွားမှာဖြစ်ပါတယ်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီး ဌာနအနေနဲ့ ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေနဲ့ ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်းဥပဒေများကို ကျင့်သုံးဆောင်ရွက်လျက်ရှိရာမှာ တိုးတက်ပြောင်းလဲတာတဲ့ ခေတ်စနစ်နဲ့လျော်ညီမှုမရှိတော့ကြောင်း တွေ့ရှိလာရပါတယ်။ ဒါ့အပြင် မော်တော်ယာဉ်အရေအတွက် တိုးတက်လာခြင်း၊ မော်တော်ယာဉ် သုံးစွဲမှုပုံစံများပြောင်းလဲလာခြင်း၊ ယာဉ်ထုတ်လုပ်ခြင်း၊ ယာဉ်တည်ဆောက်ခြင်း၊ တပ်ဆင်ခြင်း၊ ပြုပြင်ခြင်းများမှာလည်း ပိုမိုတိုးတက်လာခြင်းတို့ရှိလာပါတယ်။ အဆိုပါယာဉ်တွေကို ကိုင်တွယ် မောင်းနှင်အသုံးပြုမယ့် ယာဉ်မောင်းများကိုလည်း တိုးတက်လာတဲ့ ခေတ်စနစ်နဲ့အညီ မောင်းနှင်နိုင် တဲ့ယာဉ်မောင်းများ ပေါ်ထွက်လာရေးအတွက် လေ့ကျင့်သင်ကြားခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက် ရန်နှင့် တိုးတက်များပြားလာတဲ့ယာဉ်များနှင့် လမ်းအသုံးပြုသူများ အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင် ရေးအတွက် ထိန်းသိမ်းကြပ်မတ်ရန် မော်တော်ယာဉ်ဥပဒေအား ပြင်ဆင်ရေးဆွဲရခြင်းဖြစ်ပါတယ်။ မော်တော်ယာဉ်ဥပဒေကြမ်းကို ရည်ရွယ်ချက် (၇)ချက် ဦးတည်ရေးဆွဲထားခဲ့ကြောင်း တင်ပြအပ်ပါ တယ်။ ဒါတွေကတော့ မော်တော်ယာဉ်များကို အများပြည်သူဆိုင်ရာနေရာများမှာ အန္တရာယ်ကင်းရှင်း စွာအသုံးပြုရေးအတွက် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီးမှ မှတ်ပုံတင်ပေးရန်၊ မော်တော်ယာဉ် အမျိုးအစားအလိုက် မောင်းနှင်မယ့်လူများအား သတ်မှတ်ထားတဲ့အရည်အချင်း ပြည့်မီမှုရှိ/မရှိ စစ်ဆေးပြီး ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန်၊ လမ်းအသုံးပြုသူများ သွားလာမှုလွယ်ကူရေး၊ လုံခြုံ ချောမွေ့စေရေး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးအတွက် ကာကွယ်ဆောင်ရွက်ရန်၊ ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းစေရန်နဲ့ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရာ မှာ အဆင့်မြင့်နည်းပညာသုံးပို့ဆောင်ရေးနည်းစနစ်ကို ထိရောက်စွာအသုံးပြုရန်၊ မော်တော်ယာဉ်များ ကြောင့် ဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအား လျော့နည်းစေရေးဆောင်ရွက်ရန်၊ ယခင်ကသတ်မှတ်ထားတဲ့ ပြစ်ဒဏ်များ၊ ဒဏ်ကြေးများဟာ ခေတ်နဲ့လျော်ညီမှုမရှိတော့တဲ့အတွက် ဆီလျော်သော ပမာဏပြောင်းလဲပြင်ဆင်သတ်မှတ်ပြီး ထိရောက်စွာဟန့်တားနိုင်ရန်နှင့် ယာဉ် အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ပုဂ္ဂလိကများကလည်း ပူးပေါင်းဆောင်ရွက်နိုင်ရန်တို့ ဖြစ်ပါတယ်။ သို့ပါ၍ မော်တော်ယာဉ်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်သို့ တင်သွင်းအပ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မူကြမ်း**

**မော်တော်ယာဉ်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ** ။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ မော်တော်ယာဉ်ဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဥပဒေကြမ်းကော်မတီရဲ့ ကိုယ်စား မော်တော်ယာဉ်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့လေ့လာတွေ့ရှိချက် အစီရင်ခံစာအား လွှတ်တော်သို့ ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော မော်တော်ယာဉ်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးက ပေးပို့လာပါသည်။

၂။ မော်တော်ယာဉ်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေနှင့် ၁၉၈၉ ခုနှစ်၊ မော်တော်ယာဉ်နည်းဥပဒေများကို ကျင့်သုံးဆောင်ရွက်လျက်ရှိရာ တိုးတက်ပြောင်းလဲလာသည့် ခေတ်စနစ်နှင့် လျော်ညီမှုမရှိတော့သည့်အတွက် ခေတ်စနစ်နှင့် လျော်ညီစေရန် ရည်ရွယ်၍ ရေးဆွဲထားသည်ကို လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁-၇-၂၀၁၅ ရက်နေ့နှင့် ၂-၇-၂၀၁၅ ရက်နေ့တို့တွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ

၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များကို အစီရင်ခံစာ၏ စာမျက်နှာ ၁ မှ ၈ အထိ အမှတ်စဉ် ၅၁ အထိ ဖော်ပြ ထားပါကြောင်းနှင့်အစီရင်ခံစာကိုလည်း လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါသဖြင့် ဖတ်ကြားခြင်းမပြုခြင်းကို ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

၄။ သို့ဖြစ်ပါ၍ မော်တော်ယာဉ်ဥပဒေကြမ်းကိုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ကြပြီးနည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော် သို့ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော မော်တော်ယာဉ်ဥပဒေကြမ်းကို ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေး နိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးက ပေးပို့လာပါသည်။

၂။ မော်တော်ယာဉ်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်လမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေနှင့် ၁၉၈၉ ခုနှစ်၊ မော်တော်ယာဉ်နည်းဥပဒေများကို ကျင့်သုံးဆောင်ရွက်လျက်ရှိရာ တိုးတက်ပြောင်းလဲလာသည့် ခေတ်စနစ်နှင့် လျော်ညီမှုမရှိတော့သည့်အတွက် ခေတ်စနစ်နှင့် လျော်ညီစေရန် ရည်ရွယ်၍ ရေးဆွဲ ထားသည်ကို လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁-၇-၂၀၁၅ ရက်နေ့နှင့် ၂-၇-၂၀၁၅ ရက်နေ့ တို့တွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ နှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အခြေခံ ရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) ဤဥပဒေကြမ်းတွင် အခန်း(၁၄)ခန်းနှင့် အပိုဒ်ပေါင်း ၈၆ ပိုဒ် ပါရှိပါသည်။

(၂) ဥပဒေခေါင်းစီးရှိ ၁၃၇၆ ခုနှစ် စကားရပ်များကို ၁၃၇၇ ခုနှစ်ဟု ပြင်ဆင်ပါသည်။

(၃) အခန်း(၁)၊ အပိုဒ် ၂ အပိုဒ်ခွဲ(ခ)ရှိ သို့မဟုတ် ဆွဲရသည့် စကားရပ်ကို ပယ်ဖျက်ပါသည်။

(၄) အပိုဒ် ၂ အပိုဒ်ခွဲ(ဈ)အဖြစ် မော်တော်ယာဉ်အတွက် တာဝန်ရှိသူဆိုသည်မှာ မော်တော်ယာဉ်မှတ်ပုံတင်သူ သို့မဟုတ် မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ကြီးကြပ်တာဝန်ယူသူကို ဆိုသည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၅) အပိုဒ် ၂ အပိုဒ်ခွဲ(ည)ကို အပိုဒ်ခွဲ(ဋ)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ ဝင်ရိုးကို စကားရပ်ကို ဝင်ရိုး အစရှိသည်တို့ကို ဟု ပြင်ဆင်ပါသည်။

(၆) အပိုဒ် ၂ အပိုဒ်ခွဲ(ဎ)အဖြစ် မော်တော်ယာဉ် ရောင်းချခြင်းလုပ်ငန်းဆိုသည်မှာ မော်တော်ယာဉ်ကို အရောင်းပြခန်းများ ဖွင့်လှစ်၍ဖြစ်စေ၊ သိုလှောင်၍ဖြစ်စေ ရောင်းချခြင်းကို ဆိုသည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၇) အပိုဒ် ၂ အပိုဒ်ခွဲ(ဎ)ကို အပိုဒ်ခွဲ(တ)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ ဖော်ပြလျှက် စကားရပ်ကို ဖော်ပြလျက်ဟု ပြင်ဆင်ပါသည်။

(၈) အပိုဒ် ၂ အပိုဒ်ခွဲ(ဏ)ကို အပိုဒ်ခွဲ(ထ)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲကို အများပြည်သူဆိုင်ရာနေရာဆိုသည်မှာ အများပြည်သူတို့ ဝင်ထွက်သွားလာခွင့်ရှိသော နေရာ၊ လမ်းနယ်၊ လမ်းမကြီး၊ လမ်းသွယ်နှင့်လမ်းကြောင်းတို့ကို ဆိုသည်ဟု ပြင်ဆင် ပါသည်။

(၉) အပိုဒ် ၂ အပိုဒ်ခွဲ(ဓ)ကို အပိုဒ်ခွဲ(ပ)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ ရေထု၊ မြေထု ညစ်ညမ်းခြင်း၊ အသံဆူညံခြင်းတို့ စကားရပ်ကို ရေထု၊ မြေထုညစ်ညမ်းခြင်းနှင့် အသံဆူညံခြင်းတို့ဟု ပြင်ဆင်ပါသည်။

(၁၀) အခန်း(၂)၊ အပိုဒ် ၃ ရှိ ဖြစ်ပါသည် စကားရပ်ကို ဖြစ်သည်ဟု ပြင်ဆင်ပါသည်။

(၁၁) အခန်း(၄)၊ အပိုဒ် ၁၈ အပိုဒ်ခွဲ(ဂ)ရှိ ကုန်ဆုံးသဖြင့် စကားရပ်ကို ကုန်ဆုံးပြီးနောက်ဟုလည်းကောင်း၊ ၅ နှစ် စကားရပ်ကို ငါးနှစ်ဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

(၁၂) အပိုဒ် ၁၉ အပိုဒ်ခွဲ(က)ရှိ ပုဒ်မ ၆ အရ ငြင်းဆိုသည့် အမိန့်ကြောင့်ဖြစ်စေ၊ ပုဒ်မ ၁၂ အရ စကားရပ်ကို ပုဒ်မ ၆ သို့မဟုတ် ပုဒ်မ ၁၂ အရ ဟုပြင်ဆင်ပါသည်။

**မူကြမ်း**

(၁၃) အခန်း(၅)ခေါင်းစဉ်ကို မော်တော်ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလက်မှတ်နှင့် သင်တန်းကျောင်း လုပ်ငန်းလိုင်စင်များထုတ်ပေးခြင်း၊ ငြင်းဆိုခြင်း၊ ခေတ္တရပ်စဲခြင်း၊ ဖျက်သိမ်းခြင်းနှင့် အမြဲတမ်းရုပ်သိမ်းခြင်းဟုပြင်ဆင်ပါ သည်။

(၁၄) အခန်း(၅) အပိုဒ် ၂၂ အပိုဒ်ခွဲ(ခ)ကို ပုဒ်မခွဲ(က)အရ ဆောင်ရွက်ရသည့်အကြောင်းများကို စာဖြင့်ရေးမှတ်၍ မှတ်တမ်းတင်ထားရမည်ဟုပြင်ဆင်ပါသည်။

(၁၅) အပိုဒ် ၂၅ ရှိ မောင်းနှင်ရန် လျှောက်ထားခြင်းကို စကားရပ်ကို မောင်းနှင်ရန် လျှောက်ထားခြင်းကို ဟုပြင်ဆင်ပါသည်။

(၁၆) အပိုဒ် ၃၃ အပိုဒ်ခွဲ(က)ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် စကားရပ်ကို ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဟု ပြင်ဆင်ပါသည်။

(၁၇) အခန်း(၆)၊ အပိုဒ် ၃၇ ရှိ ပုဒ်မ ၃၅အရ စကားရပ်ကို ပုဒ်မ ၃၆ အရဟု ပြင်ဆင်ပါသည်။

(၁၈) အခန်း(၇)၊ အပိုဒ် ၃၈ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၃၆ အပိုဒ်ခွဲ(ခ)အဖြစ်ပြင်ဆင်၍ ယင်းအပိုဒ်ကို လိုအပ်သော ကော်မတီများကို ဖွဲ့စည်း၍ ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်နိုင်သည်ဟုပြင်ဆင်ပါသည်။

(၁၉) အပိုဒ် ၃၉ အပိုဒ်ခွဲ(က)ရှိ လမ်းအန္တရာယ်ကင်းရှင်းရေးကော်မတီ စကားရပ်ကို လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီဟုပြင်ဆင်ပြီး၊

(၂၀) အပိုဒ် ၃၉ အပိုဒ်ခွဲ(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီသည် ခရိုင်နှင့် မြို့နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီတို့ကို ဖွဲ့စည်း၍ ယင်းတို့၏လုပ်ငန်းတာဝန်များကို သတ်မှတ်ရမည်ဟု အသီးသီး ပြင်ဆင်ပါသည်။

(၂၁) အပိုဒ် ၄၁ ကို ဝန်ကြီးဌာနသည် ဤဥပဒေ၊ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေနှင့်အညီ ကောက်ခံသည့် စီမံခန့်ခွဲမှုဆိုင်ရာ ဒဏ်ကြေးငွေနှင့် အောက်ပါအခငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည် ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၂၂) အပိုဒ် ၄၁ အပိုဒ်ခွဲ(ဂ)ကို မော်တော်ယာဉ်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ တည်ဆောက်တပ်ဆင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ စစ်ဆေးခြင်းနှင့် ယာဉ်မောင်းသင်တန်းကျောင်းဖွင့်လှစ်ခြင်းဆိုင်ရာ အခငွေများဟုပြင်ဆင်ပါသည်။

(၂၃) အပိုဒ် ၄၂ ရှိ ဒဏ်ကြေးငွေစကားရပ်ကို ဒဏ်ကြေးငွေနှင့်အခငွေဟုလည်းကောင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း စကားရပ်ကို ပြင်ဆင်ခြင်းနှင့် ပြောင်းလဲခြင်းဟု ပြင်ဆင်ပါသည်။

(၂၄) အပိုဒ် ၄၄ ၊ အပိုဒ် ၅၀ အပိုဒ်ခွဲ(က)၊ အပိုဒ် ၅၇၊ အပိုဒ် ၆၆၊ အပိုဒ် ၆၈ နှင့် အပိုဒ် ၈၂ တို့ကို ပယ်ဖျက်ပါသည်။

(၂၅) အခန်း(၈) အပိုဒ် ၄၅ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၄၄ အပိုဒ်ခွဲ(ဃ) အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပူးပေါင်းဆောင်ရွက်လျှက် စကားရပ်ကို ပူးပေါင်းဆောင်ရွက်လျက်ဟုပြင်ဆင်ပါသည်။

(၂၆) အပိုဒ် ၄၅ အပိုဒ်ခွဲ(င)ကို အပိုဒ် ၄၄ အပိုဒ်ခွဲ(င)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲကို မော်တော်ယာဉ် ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ တည်ဆောက်တပ်ဆင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ စစ်ဆေးခြင်းနှင့် စည်းကမ်းချက်များသတ်မှတ်ခြင်းဟု ပြင်ဆင်ပါသည်။

(၂၇) အပိုဒ် ၄၅ ကို အပိုဒ် ၄၄ အဖြစ် ပြင်ဆင်ပြီး၊ အပိုဒ်ခွဲ(စ)ကို မော်တော်ယာဉ် စစ်ဆေးခြင်းပုဂ္ဂလိကလုပ်ငန်းနှင့် စပ်လျဉ်း၍စည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့်စစ်ဆေးခြင်းဟုလည်းကောင်း၊ အပိုဒ်ခွဲ(ဇ)ကို မော်တော်ယာဉ်မောင်း သင်တန်းကျောင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့် စစ်ဆေးခြင်းဟုလည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

(၂၈) အပိုဒ် ၄၅ ကို အပိုဒ် ၄၄ အဖြစ် ပြင်ဆင်ပြီး၊ အပိုဒ်ခွဲ(ဈ)နှင့် အပိုဒ်ခွဲ(ဍ)တို့ရှိ အစိုးရအဖွဲ့များနှင့် စကားရပ်၏နောက်တွင် အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် စကားရပ်ကို ဖြည့်စွက်ပါသည်။

**မူကြမ်း**

(၂၉) အပိုဒ် ၄၄ အပိုဒ်ခွဲ(ဏ)အဖြစ် အများပြည်သူသုံး လမ်းပေါ်တွင် သွားလာနေသည့် မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် အမြန်နှုန်း သတ်မှတ်ခြင်းဟု အသစ်ဖြည့်စွက်ပါသည်။

(၃၀) အပိုဒ် ၄၆ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၄၅။ မည်သူမျှ အောက်ပါအခြေအနေတစ်ရပ်ရပ်၌ မော်တော်ယာဉ်ကို အများပြည်သူဆိုင်ရာ နေရာတွင် မောင်းနှင်ခြင်း သို့မဟုတ် မောင်းနှင်စေခြင်းမပြုရ-

(က) မော်တော်ယာဉ်ကို မှတ်ပုံတင်ထားမှု မရှိခြင်း၊

( ခ) မော်တော်ယာဉ် မှတ်ပုံတင်သက်သေခံလက်မှတ် ရပ်စဲခြင်း၊ သိမ်း ဆည်း ခံရခြင်း၊ သက်တမ်း ကုန်ဆုံးခြင်း သို့မဟုတ် သတ်မှတ်သည့် နည်းလမ်းအတိုင်း ပြသ မထားခြင်း၊

( ဂ) မော်တော်ယာဉ် မှတ်ပုံတင်ဖျက်သိမ်းခံရခြင်း သို့မဟုတ် သက်တမ်းကုန်ဆုံးခြင်း။

(၃၁) အပိုဒ် ၄၈ အပိုဒ်ခွဲ(က)ကို အပိုဒ် ၄၇ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲကို မည်သူမျှ မိမိအား ထုတ်ပေးထားသည့် ယာဉ်မောင်းလိုင်စင် လက်ရှိမထားလျှင် အများ ပြည်သူဆိုင်ရာနေရာတွင် မော်တော်ယာဉ်ကို မောင်းနှင်ခြင်းမပြုရဟု ပြင်ဆင်ပါသည်။

(၃၂) အပိုဒ် ၄၇ အပိုဒ်ခွဲ(ခ)အဖြစ် မည်သူမျှ ယာဉ်မောင်းလိုင်စင်မရှိလျှင် မော်တော်ယာဉ်ကို အများပြည်သူဆိုင်ရာနေရာတွင် မောင်းနှင်ခြင်းမပြုရဟု အသစ်ဖြည့်စွက်ပါသည်။

(၃၃) အပိုဒ် ၅၀ အပိုဒ်ခွဲ(ဃ)နှင့် အပိုဒ်ခွဲ(င)ကို အပိုဒ် ၄၉ အပိုဒ်ခွဲ(ဂ)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲကို မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သုံးစွဲ၍သော်လည်းကောင်း၊ အရက်သေစာ မူးယစ်သောက်စား၍သော်လည်းကောင်း မော်တော်ယာဉ်ကို မောင်းနှင်ခြင်းဟု ပြင်ဆင်ပါသည်။

(၃၄) အပိုဒ် ၅၁ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၅၀။ မည်သူမျှ -

(က) လုပ်ငန်းလိုင်စင်မရှိဘဲ မော်တော်ယာဉ် ထုတ်လုပ်ခြင်းလုပ်ငန်း၊ ရောင်းချ ခြင်းလုပ်ငန်း သို့မဟုတ် တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်းကို မပြုရ။

**မူကြမ်း**

(ခ) လုပ်ငန်းလိုင်စင်မရှိဘဲ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

(၃၅) အပိုဒ် ၅၅ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၅၄ အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ သင့်လျှော်ခြင်း စကားရပ်ကို သင့်လျော်ခြင်းဟု ပြင်ဆင်ပါသည်။

(၃၆) အပိုဒ် ၅၄ အပိုဒ်ခွဲ(ဃ)ကို သတ်မှတ်ထားသည့် မော်တော်ယာဉ်ကို မောင်းနှင်စဉ် ယာဉ်မောင်းနှင့် လိုက်ပါစီးနင်းသူများသည် အသက်ကယ်ထိုင်ခုံခါးပတ်ကို တပ်ဆင်မှု မပြုခြင်းဟု အသစ်ဖြည့်စွက်ပါသည်။

(၃၇) အပိုဒ် ၅၆ ကို အပိုဒ် ၅၅ အဖြစ် ပြင်ဆင်ပြီး၊ အပိုဒ်ခွဲ(က)ရှိ လွှဲပြောင်းစကားရပ်ကို ပေးကမ်းဟုလည်းကောင်း၊ အပိုဒ်ခွဲ(ဂ)ရှိ လွှဲပြောင်းခြင်း စကားရပ်ကို ပေးကမ်းခြင်းနှင့် ရောင်းဝယ်ခြင်းဟုလည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

(၃၈) အခန်း(၁၀)၊ အပိုဒ် ၆၀ အပိုဒ်ခွဲ(က)ကို အပိုဒ် ၅၉ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ ပုဒ်မ ၄၆၊ ၄၇၊ ၄၈၊ ၄၉၊ ၅၀ နှင့် ၅၁ စကားရပ်ကို ပုဒ်မ ၄၅၊ ပုဒ်မ ၄၆၊ပုဒ်မ ၄၇ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၄၈ ၊ ပုဒ်မ ၄၉ နှင့် ပုဒ်မ ၅၀ ပုဒ်မခွဲ (ခ)ဟု ပြင်ဆင်ပါသည်။

(၃၉) အပိုဒ် ၅၉ အပိုဒ်ခွဲ(ခ)အဖြစ် မည်သူမဆို ပုဒ်မ ၅၀ ပုဒ်မခွဲ(က)ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၅၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၄၀) အပိုဒ် ၆၀ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၅၉ အပိုဒ်ခွဲ(ဂ)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲကို ဤပုဒ်မခွဲ(က)ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို တစ်နှစ်အတွင်း ထပ်မံကျူးလွန်လျှင် ထပ်မံကျူးလွန်သော ပြစ်မှုအတွက် သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် ဟုပြင်ဆင်ပါသည်။

(၄၁) အပိုဒ် ၆၂ ကို အပိုဒ် ၆၀ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ရှိ ပုဒ်မ ၅၃ စကားရပ်ကို ပုဒ်မ ၅၂ ဟုလည်းကောင်း၊ ကျပ်သိန်းတစ်ဆယ် စကားရပ်ကို ကျပ် ၁၀ သိန်းဟု လည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

(၄၂) အပိုဒ် ၆၄ ကို အပိုဒ် ၆၂ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ရှိ ပုဒ်မ ၅၅ စကားရပ်ကို ပုဒ်မ ၄၇ ပုဒ်မခွဲ(က)၊ ပုဒ်မ ၅၄ နှင့် ပုဒ်မ ၅၇ ဟု ပြင်ဆင်ပါသည်။

(၄၃) အပိုဒ် ၆၉ ကို အပိုဒ် ၆၅ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ကို မည်သူမဆို ဤဥပဒေ အရ ထုတ်ပြန်သော နည်းဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ် ချမှတ်ရမည်ဟု ပြင်ဆင်ပါသည်။

(၄၄) အခန်း(၁၁)၊ အပိုဒ် ၇၁ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၆၇ အပိုဒ်ခွဲ(ဂ)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ အဆိုပါသူအပေါ် တပ်ရိုက်သည့်ငွေဒဏ်ကဲ့သို့ စကားရပ်ကို လျော်ကြေး ငွေကို ဝင်ငွေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ဟု ပြင်ဆင်ပါသည်။

(၄၅) အခန်း(၁၂)၊ အပိုဒ် ၇၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂)ကို အပိုဒ် ၇၀ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲငယ်ရှိ မူးယစ်ဆေးဝါးစကားရပ်၏ နောက်တွင် သို့မဟုတ် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများ စကားရပ်ကို ဖြည့်စွက် ပါသည်။

(၄၆) အခန်း (၁၂)၊ အပိုဒ် ၇၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၃)ကို အပိုဒ် ၇၀ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၃)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲငယ်ရှိ အရမ်းစကားရပ်၏ နောက်တွင် သို့မဟုတ် ပေါ့လျော့စွာ စကားရပ်ကို ဖြည့်စွက်ပါသည်။

(၄၇) အခန်း(၁၃)၊ အပိုဒ် ၇၉ စာချိုးကို အပိုဒ် ၇၅ အဖြစ် ပြင်ဆင်ပြီး၊ ယင်းစာချိုးကို ဝန်ကြီး ဌာနသည် နည်းဥပဒေများထုတ်ပြန်ရာတွင် အောက်ပါကိစ္စတစ်ခုခုဖြစ်စေ၊ အားလုံး ဖြစ်စေပါဝင်စေရန် အလေးထား ဆောင်ရွက်ရမည်ဟု ပြင်ဆင်ပါသည်။

(၄၈) အပိုဒ် ၇၉ အပိုဒ်ခွဲ(န)ကို အပိုဒ် ၇၅ အပိုဒ်ခွဲ (န) အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ ကင်းရှင်းရေးအတွက် စကားရပ်၏နောက်တွင် ရည်ရွယ်၍ စကားရပ်ဖြည့်စွက်ပါသည်။

**မူကြမ်း**

(၄၉) အပိုဒ် ၇၉ အပိုဒ်ခွဲ(ဠ)ကို အပိုဒ် ၇၅ အပိုဒ်ခွဲ(ဠ)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်း ခေတ္တမျှသာ နေထိုင်သူတို့ ယူဆောင်လာသည့် မော်တော်ယာဉ်များနှင့် သင့်တင့်ဆီလျော် စေရန်ပြုလုပ်ရေးကိစ္စဟု ပြင်ဆင်ပါသည်။

(၅၀) အပိုဒ် ၇၉ အပိုဒ်ခွဲ(အ)ကို အပိုဒ် ၇၅ အပိုဒ်ခွဲ(အ)အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ခွဲရှိ အများပြည်သူဆိုင်ရာနေရာတွင် မော်တော်ယာဉ်ကို အခပေးငှားရမ်းခြင်းနှင့် သက်ဆိုင်သည့် စည်းကမ်းချက်များနှင့် ပေးဆောင်ရမည့် အခများ သတ်မှတ်ခြင်းကိစ္စဟု ပြင်ဆင်ပါသည်။

(၅၁) အပိုဒ် ၈၆ ကို အပိုဒ် ၈၁ အဖြစ် ပြင်ဆင်ပြီး၊ ယင်းအပိုဒ်ကို ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေ (၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ ဥပဒေအမှတ် ၁၇)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်ဟု ပြင်ဆင် ပါသည်။

၄။ သို့ဖြစ်ပါ၍ မော်တော်ယာဉ်ဥပဒေကြမ်းကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ကြပြီးနည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

## ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် မော်တော်ယာဉ်ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ** ။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၈-၇-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ဘဏ္ဍာရေးဝန်ကြီးဌာနက ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ဘဏ္ဍာရေးဝန်ကြီးဌာနက

ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းတင်သွင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ဘဏ္ဍာရေးဝန်ကြီးဌာနအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ၁၈၇၁ ခုနှစ်ကပြဋ္ဌာန်းခဲ့တဲ့ Pension Act ဟာ ယနေ့ ခေတ်ကာလနှင့်လျော်ကန်မှုမရှိခြင်း၊ လက်တွေ့လိုက်နာကျင့်သုံးရန် အခြေအနေမရှိတော့သည့်အပြင် ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၅)ဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေကိုလည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ၂၆-၃-၂၀၁၃ ရက်စွဲဖြင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကိုလည်းကောင်း ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေများနှင့်နည်းဥပဒေများတွင် ပင်စင်ဆိုင်ရာ ပြဋ္ဌာန်းချက်များ ပြည့်စုံစွာ ပြဋ္ဌာန်းထားရှိပြီးဖြစ်သည့်အတွက် ပင်စင်အက်ဥပဒေကို ရုပ်သိမ်းရန်လိုအပ်လာပါတယ်။ သို့ ဖြစ်ပါ၍ ပင်စင်အက်ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်မှ လက်ခံဆွေးနွေး ပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။

## ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန် ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းဝါနု(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ မင်္ဂလာပါရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ်က ဥပဒေကြမ်းကော်မတီဝင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုဖြစ်ပါတယ်ရှင်။ကော်မတီရဲ့ တာဝန်ပေးချက်အရ ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့်

ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို တင်ပြမှာဖြစ်ပါတယ်ရှင်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးက ၂၉-၆-၂၀၁၅ ရက်စွဲပါ ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါတယ်။

၂။ ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာနက အောက်ဖော်ပြပါ အချက်များအပေါ်အခြေခံ၍ ရုပ်သိမ်းရန် တင်ပြလာခြင်းကို လေ့လာတွေ့ရှိရပါတယ်-

(က) ပင်စင်အက်ဥပဒေကို ၁၈၇၁ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့် ဥပဒေဖြစ်ခြင်း၊

(ခ) ယင်းဥပဒေပုဒ်မ ၁၄ တွင် ပြဋ္ဌာန်းထားသော အခွင့်အာဏာကို ကျင့်သုံး၍ မြို့ပြဝန်ထမ်းစည်းမျဉ်းဥပဒေများ၊ Civil Service Regulations နှင့် မြန်မာပြည်ထပ်ဆင့်ထုတ် မြို့ပြ ဝန်ထမ်းစည်းမျဉ်းဥပဒေတို့ကို ပြဋ္ဌာန်း၍ နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်ကိစ္စကို ဆောင်ရွက် ခဲ့ခြင်း၊

(ဂ) ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ၈-၃-၂၀၁၃ ရက်စွဲပါ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၅/၂၀၁၃)ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့သော နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် ၂၆-၃-၂၀၁၄ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများတွင် ပင်စင်ဆိုင်ရာ ပြဋ္ဌာန်းချက် များ ပြည့်စုံစွာပါဝင်ပြီးဖြစ်ခြင်း၊

၃။ ဤဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၃-၇-၂၀၁၅ ရက်နေ့တွင် ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာ လင်းအောင်အပါအဝင် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ

**မူကြမ်း**

၈-၃-၂၀၁၃ ရက်စွဲဖြင့် ထုတ်ပြန်သည့် နိုင်ငံ့ဝန်ထမ်းဥပဒေ အခန်း(၁၂) အငြိမ်းစားယူခြင်းအခန်းတွင် ပုဒ်မ ၅၆ မှ ပုဒ်မ ၇၀ အထိလည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ၂၆-၃-၂၀၁၄ ရက်စွဲဖြင့် ထုတ်ပြန်ပြဋ္ဌာန်းထားသော နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ အခန်း(၂၁) အငြိမ်းစားယူခြင်းအခန်းရှိ နည်းဥပဒေ ၂၂၉ မှ နည်းဥပဒေ ၂၅၂ အထိလည်းကောင်း၊ အခန်း(၂၂) အထူးပင်စင်အခန်းရှိ နည်းဥပဒေ ၂၅၃ မှ နည်းဥပဒေ ၂၇၁ အထိလည်းကောင်း နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့်ပြဋ္ဌာန်းထားသဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာနက တင်သွင်းလာသည့် ပင်စင် အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ သဘောတူလက်ခံခဲ့ပါတယ်။

၄။ သို့ဖြစ်ပါ၍ ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြု ပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါတယ်ရှင်။ ဥပဒေကြမ်းကော်မတီ။

**ဘဏ္ဍာရေးဝန်ကြီးဌာနက တင်သွင်းသည့် ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၈-၇-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုတရား လွှတ်တော်ချုပ်က ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတင်သွင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဦးမြသိမ်း(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီး ဦးမြသိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကျင့်သုံးဆောင်ရွက်လျက်ရှိတဲ့ ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားနိုင်ရန်အတွက် အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ တည်ဆဲရာဇသတ်ကြီး The Penal Code မှာအချို့ပြစ်မှုများအနက် ပြဋ္ဌာန်းထားတဲ့ ငွေဒဏ်နှင့်ပြစ်ဒဏ်များကို ခေတ်နှင့်အညီ လိုက်လျောညီထွေဖြစ်စေရန်နှင့် အချို့ပြဋ္ဌာန်းချက်များ၌ပါရှိတဲ့ ဝေါဟာရအသုံးအနှုန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့တည်ဆဲဥပဒေပါ ဝေါဟာရအသုံးအနှုန်းများနှင့်အညီ လိုက်လျောညီထွေဖြစ်စေရန် ရည်ရွယ်ပြီးခေတ်ကာလအခြေအနေနဲ့ လျော်ညီအောင် ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြင်ဆင်ရေးဆွဲထားပါတယ်။ ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှ ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## ရာဇသတ်ကြီးကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ရာဇသတ်ကြီးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအားဖိတ်ခေါ်ပါတယ်။

**ဒေါ်ခင်ဌေးကြွယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တက်ရောက်သူအားလုံး မင်္ဂလာပါလို့။ ကျွန်မကတော့ မွန်ပြည်နယ်၊ မော်လမြိုင်မဲဆန္ဒနယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါ်ခင်ဌေးကြွယ် ဖြစ်ပါတယ်။ ကျွန်မမှ ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြသွားမှာ ဖြစ်ပါတယ်။

**မူကြမ်း**

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကပေးပို့လာသော ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်ရုံးက ပေးပို့လာပါတယ်။

၂။ ရာဇသတ်ကြီးကို ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေမှု ရှိစေရေးအတွက် ရည်ရွယ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြင်ဆင်ခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိရပါတယ်။

၃။ ဤဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၄-၇-၂၀၁၅ ရက်နေ့တွင် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီး ဦးမြသိမ်း အပါအဝင် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ ဥပဒေကြမ်းတွင် အပိုဒ်ပေါင်း (၅၁) ပိုဒ်ပါရှိပြီး၊ အောက်ဖော်ပြပါအချက်များကြောင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်မရှိသဘောတူလက်ခံခဲ့ပါသည်-

(က) ရာဇသတ်ကြီးပါ ပြင်ဆင်ရန်လိုအပ်သည့် အသုံးအနှုန်းများကိုခေတ်ကာလ အခြေအနေနှင့် လိုက်လျောညီထွေမှုရှိစေရန် ပြင်ဆင်ခြင်း၊

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးက လက်တွေ့အကောင်အထည် ဖော်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ဆီလျော်မှုရှိစေရန်ပြင်ဆင်ခြင်း၊

(ဂ) ခေတ်ကာလနှင့်လျော်ညီသည့် ပြစ်ဒဏ်များချမှတ်ကျင့်သုံးနိုင်ရန် ပြင်ဆင်ခြင်း၊

(ဃ) ၁၉-၃-၂၀၁၃ ရက်နေ့တွင်လွှတ်တော်နှစ်ရပ် သဘောတူပြီးဖြစ်သည့် ရာဇသတ်ကြီးကိုပြင်ဆင်သည့် ဥပဒေကြမ်းပါ ပြင်ဆင်အတည်ပြုချက်များအတိုင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်းဖြစ်ခြင်း။

၄။ သို့ဖြစ်ပါ၍ ရာဇသတ်ကြီးကိုပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီးနည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။

**မူကြမ်း**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် ရာဇသတ်ကြီးကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၄ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၈-၇-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၇၃)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး (၇၂)ရက်မြောက် နေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၃)ရက်မြောက်နေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေး အောင်မြင်စွာပြီးဆုံးကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၂)ရက်မြောက် နေ့ကို ၁၀း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**